ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

# အမိန့်ကြော်ငြာစာ

အမှတ်၊ ၄၇ / ၂၀၁၈

၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

( ၂၀၁၈ ခုနှစ်၊ ဇွန် လ ၁၈ ရက် )

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လစာခေါင်းစဉ်မှအပ အောက်ပါ ပေးချေငွေ အမျိုးအစားများနှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူက ငွေထုတ်ပေးချိန်တွင် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းများအတိုင်း ကျသင့်သောဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန် ထုတ်ပြန် သတ်မှတ်လိုက်သည် -

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန် အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသား များအတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| (က) | အတိုးပေးငွေများ | - | ၁၅ % |
| ( ခ ) | လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေး စသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေများ | ၁၀ % | ၁၅ % |
| ( ဂ ) | ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ စည်ပင်သာယာရေးအဖွဲ့များက တင်ဒါစနစ် သို့မဟုတ် လေလံစနစ် သို့မဟုတ် ဈေးပြိုင်ခေါ်ယူ | ၂ % | ၂.၅ % |

| အမှတ်စဉ် | ပေးချေငွေအမျိုးအစား | ထုတ်ပေးသည့်ငွေမှ အခွန် အတွက် နုတ်ယူရန် ရာခိုင်နှုန်း | |
|---|---|---|---|
| | | ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသား များအတွက် | ပြည်ပနေ နိုင်ငံခြားသား အတွက် |
| | သည့်စနစ် သို့မဟုတ် ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခု ဖြင့် နိုင်ငံတော်အတွင်းပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်း ဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေး စေခြင်းတို့အတွက် ပေးချေငွေများ | | |
| (ဃ) | နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၊ အစုစပ်လုပ်ငန်း၊ ဖက်စပ် လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ် တို့ စုပေါင်းထားသည့်အဖွဲ့အစည်း၊ တည်ဆဲ ဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်အဖွဲ့ အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမ အသင်းနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားသား ပိုင်လုပ်ငန်းများက ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် အခြားစနစ်တစ်ခုခု ဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ် ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက် ပေးစေခြင်း တို့အတွက်ပေးချေငွေများ | - | ၂.၅ % |

၂။ အပိုဒ် ၁ ပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း အခွန်နုတ်ယူပေးသွင်းရာတွင် ပေးချေငွေကို လက်ခံ ရရှိသူအမည် သို့မဟုတ် လုပ်ငန်းအမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ပေးသွင်းရမည်။

၃။ အပိုဒ် ၁ ပါ ပေးချေငွေများအနက် ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေငွေမှ နုတ်ယူပေးသွင်းသည့် အခွန်ငွေကို ပြည်ပနေနိုင်ငံခြားသားအတွက် အပြီးသတ်စည်းကြပ်မှုအရပေးသွင်းသည့် ဝင်ငွေခွန်အဖြစ် မှတ်ယူရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသား၏ရုံးခွဲအဖြစ် ပြည်တွင်း၌ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း

အပေါ် ဝင်ငွေခွန်ဥပဒေနှင့်အညီ စည်းကြပ်ခြင်းကိုခံယူပါက နုတ်ယူပေးသွင်းခဲ့သည့် အခွန်ကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးရမည်။ ထို့အတူ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားထံ ပေးချေငွေမှ နုတ်ယူပေးသွင်းငွေများကို စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေး ရမည်။

၄။ ပြည်ပနေနိုင်ငံခြားသားသည် မြန်မာနိုင်ငံနှင့်အခွန်နှစ်ထပ်စည်းကြပ်မှု ရှောင်ရှားရေးနှင့် ငွေကြေး ထိမ်ချန်မှု ကာကွယ်ရေးသဘောတူစာချုပ် (Agreement for Avoidance of Double Taxation and Prevention of Fiscal Evasion) ချုပ်ဆိုထားသော နိုင်ငံတစ်ခုခု၏ ပြည်တွင်းနေ (Resident) ဖြစ်ကြောင်း ဆိုင်ရာနိုင်ငံ ပြည်တွင်းအခွန်ဌာန၏သက်သေခံလက်မှတ် (Certificate of Resident) တင်ပြလာလျှင် ထိုသူသို့ ထုတ်ပေးရန်ရှိသော ငွေအနက်မှ ဝင်ငွေခွန်အတွက် နုတ်ယူပေးသွင်းရမည့် ငွေကို သက်ဆိုင်ရာနိုင်ငံနှင့်ချုပ်ဆိုထားသော သဘောတူစာချုပ်ပါသတ်မှတ် ရာခိုင်နှုန်းအတိုင်း နုတ်ယူ ပေးသွင်းရမည်။

၅။ အပိုဒ် ၁ ဇယား၏အမှတ်စဉ် (ဂ) ပါ ပေးချေငွေမှ အခွန်နုတ်ယူ ပေးသွင်းရာတွင် နှစ်တစ်နှစ် အတွင်း စုစုပေါင်းပေးချေငွေ ကျပ်သိန်း ၁၀ အထိ အခွန်နုတ်ယူပေးသွင်းခြင်း မပြုရ။ စုစုပေါင်း ပေးချေငွေသည် ကျပ်သိန်း ၁၀ ထက်ကျော်လွန်ပါက နုတ်ယူပေးသွင်းရမည်။ ပြည်ပနေနိုင်ငံခြားသား သို့ ပေးချေငွေဖြစ်ပါက ပေးချေငွေအားလုံးအပေါ် သတ်မှတ်ရာခိုင်နှုန်းများအတိုင်း ပေးသွင်းရမည်။

၆။ သို့ရာတွင် -

(က) အထက်အပိုဒ် ၁ ဇယားအမှတ်စဉ် (ဂ)ပါ အဖွဲ့အစည်းအချင်းချင်း ပေးချေငွေများ၊ ယင်းအဖွဲ့အစည်းများသို့ ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ နုတ်ယူပေး သွင်းခြင်းမပြုရ။

(ခ) အထက်အပိုဒ် ၁ ဇယားပါ ပေးချေငွေများအနက် အတိုးပေးငွေနှင့် စပ်လျဉ်း၍ နိုင်ငံ အတွင်း၌ ပြည်ပနေနိုင်ငံခြားသား၏ရုံးခွဲအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားခြင်း၊ အဆိုပါ ရုံးခွဲမှ ပြည်တွင်းဝင်ငွေနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ အခွန်စည်းကြပ်မှုခံယူနေခြင်း ဖြစ်ပါက ပေးချေငွေများအပေါ် ငွေထုတ်ပေးသည့်အချိန်၌ ပင်ရင်းမှဝင်ငွေခွန် နုတ်ယူ ပေးသွင်းခြင်း မပြုရ။

(ဂ) ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းကို ငွေလက်ခံသူက သဘောတူလက်ခံရန်ငြင်းဆိုခြင်းကြောင့် ငွေပေးချေသူက နုတ်ယူပေးသွင်းရမည့် တာဝန်မှကင်းလွတ်ခွင့်မရှိစေရ။

၇။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် -

(က) လိုအပ်ပါက ပေးချေငွေအမျိုးအစားတစ်ရပ်ရပ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်း သတ်မှတ်ပေးနိုင်သည်၊

(ခ) ထုတ်ပေးသည့်ငွေမှ အခွန်အတွက် နုတ်ယူရန်ရာခိုင်နှုန်းနှင့်စပ်လျဥ်း၍ လုပ်ငန်းသဘော သဘာဝအရပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်သည့်ကိစ္စများအတွက် ပြင်ဆင်သတ်မှတ် ပေးနိုင်သည်၊

(ဂ) ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သည့် အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပုံစံများတို့ကို သတ်မှတ်ထုတ်ပြန်ပေးနိုင်သည်၊

(ဃ) ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူရန် နည်းလမ်း၊ နုတ်ယူထားသည့် ဝင်ငွေခွန်ကို ပေးသွင်းခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်၍ လုပ်ငန်းသဘော သဘာဝအလိုက် လိုအပ်ပါက ခွဲခြားသတ်မှတ်ပေးနိုင်သည်၊

(င) အထက်အပိုဒ် ၁ ပါပေးချေငွေ အမျိုးအစားများဖြစ်သော်လည်း ဆောင်ရွက်မှုတစ်ရပ် တည်းအတွက် အခွန်အထပ်ထပ်ပေးဆောင်ရခြင်း မဖြစ်စေရန် လည်းကောင်း၊ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိ ထားပါလျက် ဝင်ငွေခွန် နုတ်ယူခံရခြင်း မဖြစ်စေရန်လည်းကောင်း ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူခြင်းမပြုရန် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရန် တာဝန်ရှိသူထံ အကြောင်းကြားနိုင်သည်၊

(စ) အထက်အပိုဒ်ခွဲ (ဃ)ပါ လုပ်ပိုင်ခွင့်ကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့မှ ဌာနမှူး၊ တိုင်းဒေသကြီး/ပြည်နယ် အခွန် ဦးစီးဌာနမှူးတို့ကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၂-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/ ၂၀၁၇ ကို ဤအမိန့် ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၉။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေ ရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ -၁/၃/၁(၃၉၇၂)/၂၀၁၈ )

ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၈ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)